2021 年 4 月
GTS 協同組合

# *技能実習生の皆さんへ*
## *အလုပ်သင်သင်တန်းများအားလုံးသို့*

နွေဦးရာသီရောက်လာပြီဖြစ်၍ လှပသောပန်းများပွင့်၍ ဂုဏ်ယူဖွယ်တင့်တယ်သော ရာသီဖြစ်လာပါပြီ။သင်တန်းသားများကျန်းမာကြပါသလား။

ဒီရာသီကအပူချိန်အပြောင်းအလဲများသောရာသီဥတုလည်းဖြစ်ပါတယ်။မနက်အေး၍နေ့လည်ကနွေအတိုင်းပူပြင်းလာတတ်ပါတယ်။

နောက်ပြီးမိုးလေဝသအခြေနေနှင့်လိုက်၍အေးသောနေ့လည်းရှိပါတယ်။ခန္ဓာကိုယ်ကိုဂရုစိုက်၍ကိုယ့်ကိုကိုယ်တာဝန်ယူထိန်းသိမ်းဂရုစိုက်ကြပါ။

Goldenweekကိုရောက်ရှိလာမဲ့အချိန်တွင်အားလုံးကလူနေမှုစနစ်၊အပြုအမူကမှန်ကန်ရဲ့လားပြန်စဉ်းစားသုံးသပ်ကြည့်ပါ။

ဘယ်သူကပဲတွေ့တွေ့ ဘယ်သူကပဲမေးမေး ရင်ကော့ခေါင်းမော့၍ ဂျူနီယာရဲ့ နမူနာကောင်းဖြစ်တယ်လို့ဖြေနိုင်ပါသလား။အယောက်စီတိုင်းကကိုယ့်တိုင်းပြည်ရဲ့ကိုယ်စားပြုအဖြစ်ဂျပန်မှာရှိနေခြင်းကိုဂုဏ်ယူစရာအဖြစ်ပြုမူနေထိုင်ကြပါ။သင်ကစည်းကမ်းမလိုက်နာလျှင်ဂျပန်လူမျိုးများကသင့်တိုင်းပြည်အပေါ်အထင်သေးပါမည်။တယောက်ထဲမကောင်းတာဆိုပေမဲ့တိုင်းပြည်အပေါ်ပါမကောင်းဖြစ်ပါလိမ့်မယ်။မပျက်မကွက်တိုင်းပြည်ကိုယ်စားပြုနေတယ်ဆိုတဲ့အသိစိတ်နဲ့ပြုမူပြောဆိုပါ။ကိုယ့်ပတ်ဝန်းကျင်ရှိသူများကိုယ့်မိတ်ဆွေများကိုသစ္စာမဲ့သင့်ပါ။ယုံကြည်မှုကတခါပျက်ရင်ပြန်မရနိုင်ပါဘူး။အကြိမ်ကြိမ်အထပ်ထပ်ပြန်လည်စဉ်းစား၍ ပြုမူပြောဆိုပါ။

### *1*. ကိုရိုနာပြန့်ပွားမှုကာကွယ်တားဆီးရေးနှင့်ပတ်သတ်ပြီး

・မက်စ်တပ်ဆင်ပါ။မက်စ်မတပ်ပဲ  စကားပြောဆိုခြင်းကိုရှောင်ရှားပါ။

・လူအချင်းချင်းရှိသင့်တဲ့အကွာအဝေး ကိုသမီတာအထက် ထားလိုက်နာပါ။

・လူအများနှင့်ကြာမြင့်စွာ စားသောက်ပြောဆိုခြင်းကို ရှောင်ကြဉ်ပါ။

・မသုံးသည့်အခန်းကိုတံခါးဖွင့်ထားခြင်းစသည်တို့ကိုပြုလုပ်၍ရာသီဉတုအေးလျှင်တောင်မှ

လေဝင်လေထွက်ကိုကောင်းအောင်ထိန်းသိမ်းပါ။

https://www.otit.go.jp/CoV2_jissyu_kansen/ ←ဒီလင်ခ့်ကို တိုက်ဆိုင်စစ်ဆေးအသုံးပြုပါ။

## 2. နေထိုင်မကောင်းဖြစ်လျှင်

နေထိုင်မကောင်းဖြစ်လာလျှင်・・・

・လူနေမှုစနစ်သင်ကြားသူဆီ အခြေအနေကို ပြောဆိုဆွေးနွေးပါ။

・ဆေးရုံသွားရန်လိုအပ်လျှင်လည်း လူနေမှုစနစ်သင်ကြားသူဆီ ဆက်သွယ်ဆွေးနွေးပါ။

(စနေတနင်္ဂနွေသည် ပုံမှန်နေ့လို စမ်းသပ်ကုသပေးခြင်းမရနိုင်ပါ။ပိတ်ရက်တွင်ဖွင့်သည့် ဆေးရုံဆေးခန်းကို သွားရပါမည်။)

## 3. ယာဉ်တိုက်မှုဖြစ်လျှင်

ဂျပန်လမ်းစည်းကမ်းကို တင်းကြပ်စွာ လိုက်နာ၍ ယာဉ်မတော်တဆမဖြစ်အောင် ဂရုစိုက်ပါ။

အကယ်၍ ယာဉ်မတော်တဆဖြစ်လျှင်・・・

・အမြဲ နိုင်ငံခြားသားကဒ်ကိုသယ်ဆောင်၍ မမျှော်လင့်ပဲ တစုံတခုဖြစ်ပွားလျှင်လည်း စိတ်ငြိမ်ငြိမ်ထား၍ အဖွဲ့အစည်းထံ၊ဂျပန်ရှိ တာဝန်ခံထံဆက်သွယ်ပါ။

・နောက်ထပ်စက်ဘီး၏ ယာဉ်စည်းကမ်းကိုလိုက်နာပါ။ စည်းကမ်းကိုလိုက်နာခြင်းသည် မိမိကိုယ်ကို ကာကွယ်ခြင်းဖြစ်သည်။

## 4. လျှောင်နှင့်ပတ်သတ်၍

ဂျပန်နိုင်ငံသည်လျှောင်များသောနိုင်ငံဖြစ်သည်။လျှောင်လှုပ်လျှင်မည်သို့လုပ်ဆောင်ရမည်ကို နားလည်ပါသလား။ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်ပါမည်လား။(လူနေမှုစနစ်သင်ရိုးစာအုပ်၊မီးသတ်ရုံးရဲ့သဘာဝဘေးရန်ကာကွယ်ခြင်းစာအုပ် (http://www.fdma.go.jp/bousai_manual/index.html) စသည်တို့ကို) ဖတ်၍ ပုံမှန်နေ့စဉ်ကနေဗဟုသုတ၊အတွေ့အကြုံကို လေ့လာမှတ်သားပါ။

## 5. အချိန်ပိုင်းအလုပ်နှင့်ပတ်သတ်၍

သင်တန်းသားများသည် အချိန်ပိုင်းအလုပ်၊အပြင်အလုပ်များ ခွင့်ပြုခြင်းမခံရပါ။

ဗီဇာအမျိုးအစားတွင်လည်း သင်တန်းသားများသည် သင်တန်းသားအမှတ်စဉ် ၁နှင့်၂ ဟုခွဲခြားထားသည်။

အခြားအလုပ်နေရာ၊ဆိုင်များတွင်အလုပ်လုပ်လျှင်ကာယကံရှင်သာမကအလုပ်ခေါ်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်းပါပြစ်မှုမြောက်သည်။ သင်တန်းသားနှင့်မသက်ဆိုင်သောလှုပ်ရှားမှုအဖြစ် တိုင်းပြည်သို့ပြန်ပို့ခြင်းခံရမည်။

## 6. အခြားကိစ္စများ

ကုမ္ပဏီရဲ့စည်းကမ်း၊အဆောင်စည်းကမ်း၊ဂျပန်ဥပဒေကိုလိုက်နာပါ။ပြစ်မှုကျူးလွန်လျှင်ဂျပန်လူမျိုး၊နိုင်ငံခြားသားမခွဲခြားပဲအပြစ်ပေးခံရမည်။အပြစ်ကျူးလွန်သူဟုတံဆိပ်ကပ်ခံရလျှင် ပြန်ခွာရန်မဖြစ်နိုင်ပါ။

မပြောမဆိုအပြင်ညအိပ်ထွက်ခြင်းကိုခွင့်မပြုပါ။ကုမ္ပဏီ၊အဖွဲ့အစည်းရဲ့စည်းကမ်းကိုလိုက်နာ၍ခွင့်ပြုချက်ကိုယူပါ။(ခွင့်မပြုခြင်းများလည်းရှိသည်၊ညွှန်ကြားချက်ကိုလိုက်နာပါ။)

・လူနေမှုစနစ်သင်ကြားသူကရုတ်တရက်အဆောင်ကိုစစ်ဆေးပါမည်။ ပြဿနာဖြစ်ပွားခဲ့လျှင်အဖွဲ့အစည်းကိုပါဆက်သွယ်ရပါမည်။လူဝင်မှုကြီးကြပ်ရေးရုံးသို့လူနေမှုပြဿနာစာတင်ရလျှင်ဗီဇာရရန်ခက်ခဲခြင်းများရှိသည်။အားလုံးကအေးချမ်းစွာဂျပန်တွင်နေထိုင်နိုင်ရန်အတွက်စည်းကမ်းများဖြစ်သည်။ခဏတဖြုတ်အပျော်၊စိတ်ဝါသနာကြောင့်ဘဝကိုပါထိခိုက်စေသည့်အဖြစ်ဆိုးများမဖြစ်အောင် စည်းကမ်းကို မဖြစ်မနေ လိုက်နာပါ။

**အလစ်သုတ်ခြင်း၊ဆေးသုံးခြင်း၊သူများစက်ဘီးယူစီးခြင်းစသည်တို့မှာပြစ်မှုဖြစ်သည်။ခွင့်မလွှတ်ပါ！**။

ဝမ်းနည်းစွာဖြင့်ထိုင်းလူမျိုးလူဆိုးအဖွဲ့အစည်းများသည်သင်တန်းသားများကိုပစ်မှတ်ထား၍ပြစ်မှုတွင်ပါဝင်စေခြင်းကတိုးပွားလာနေသည်။နိုင်ငံတူသူချင်းလည်းအပြောချိုချိုတွင်နားမယောင်သင့်ပါ။စကားလှလှများနောက်တွင် ချောက်ကျမည့်အန္တရာယ်ရှိနေတတ်ပါသည်။ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ပါ။

**ပတ်စပို့နိုင်ငံခြားသားကဒ်သည်အဖွဲ့အစည်း၊ကုမ္ပဏီကလွဲ၍ပေးအပ်ခြင်းမပြုရန်၊လူဝင်မှုကြီးကြပ်ရေးရုံးကတိုက်ရိုက်ပေးပို့ရန်ပြောဆိုဆက်သွယ်လာခြင်းဆိုသည်မှာမရှိပါ။သင့်၏ပတ်စပို့နိုင်ငံခြားသားကဒ်ကိုအလွဲသုံးစားလုပ်ရန်ကြံစည်နေပါလိမ့်မည်။ ဂရုစိုက်ပါ။**

以　上